# မြန်မာ့စီးပွားရေးဆိုင်ရာအချက်အလက်များ

ရက်စွဲ၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ရက်

အကျဉ်းချုပ်

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက စီးပွားရေးတိုးတက်မှု အမြန်ဆုံးနိုင်ငံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှု မြင့်တက်လာမှုကြောင့် GDP တိုးတက်မှုနှုန်းမြင့်မားလျက်ရှိသော်လည်း ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်းကို ရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းသည် ပြီးခဲ့သည့်(၅)နှစ်တာကာလအတွင်း ၂၀၁၅ခုနှစ်တွင် ၁၀.၈ ဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။ သို့သော် ၂၀၁၆ မှ ၂၀၂၀ ထိ ခန့်မှန်းချက်တွင် ၇.၄၀ ရာခိုင်နှုန်းတွင် ရပ်တန့်နေမည်ဟု ခန့်မှန်းထားကြပြီး ကာလရှည်စီမံကိန်းများနှင့်စီးပွားရေးစံနှုန်းများအရ ၂၀၂၀ခုနှစ်တွင် ၄.၂၀ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ်မှစီးပွားရေးပညာရှင်များမှ ခန့်မှန်းထားကြသည်။ ငွေကြေးဖောင်းပွမှုနှုန်းကို မထိန်းချုပ်နိုင်ခဲ့လျှင် တိုင်းပြည်ကုန်ထုတ်စွမ်းအားကို လျော့ကျစေသည့်အပြင် စီးပွားရေးတည်ငြိမ်မှုကိုလည်းအားနည်းစေပါသည်။

**သုတေသနစာတမ်းတိုအမှတ်( ၁၃ )**

**ရေးသားပြုစုသူ။ ဒေါ်ခိုင်ဝေနိုင်**

- ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ ၈.၇ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၅ခုနှစ်တွင် ၇.၂ ရာခိုင်နှုန်းဖြစ်၍ ၂၀၁၅ခုနှစ်တွင် ၁.၅ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။
- မြန်မာနိုင်ငံ၏ GDP သည် ၂၀၁၆ခုနှစ်တွင် ၈.၄ ရာခိုင်နှုန်းနှင့် ၂၀၁၇ခုနှစ်တွင် ၈.၃ ရာခိုင်နှုန်းတိုးတက်လာမည်ဟု အာရှဖွံ့ဖြိုးမှုဘဏ်မှခန့်မှန်းထားပါသည်။
- မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၁ခုနှစ်တွင် ၁၉.၉၉ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။ သို့သော် တဖြည်းဖြည်းလျော့နည်းလာခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ၈.၀၁၀ ရာခိုင်နှုန်းဖြင့် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သည်။

မြန်မာနိုင်ငံသည် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ဂျပန်နိုင်ငံတို့နှင့်အများဆုံး ကုန်သွယ်မှုပြုလုပ်ပါသည်။ ထို့အပြင် တရုတ်နိုင်ငံမှသွင်းကုန်အများဆုံးကို တင်သွင်းလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် သွင်းကုန်များ၏ ၅၅ရာခိုင်နှုန်းကျော်သည် တရုတ်နိုင်ငံမှတင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

# မြန်မာ့စီးပွားရေးဆိုင်ရာအချက်အလက်များ

## အကျဉ်းချုပ်

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်ပါက စီးပွားရေးတိုးတက်မှုအမြန်ဆုံး နိုင်ငံတစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြင့်တက်လာမှုကြောင့် GDP တိုးတက်မှုနှုန်းမြင့်မားလျက်ရှိသော်လည်း ငွေကြေးဖောင်းပွမှုနှုန်းမြင့်မားခြင်းကို ရင်ဆိုင်နေရပါသည်။ မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းသည် ပြီးခဲ့သည့်(၅)နှစ်တာကာလ အတွင်း ၂၀၁၅ခုနှစ်တွင် ၁၀.၈ ဖြင့်အမြင့်ဆုံးဖြစ်ခဲ့သည်။ သို့သော် ၂၀၁၆ မှ ၂၀၂၀ ထိ ခန့်မှန်းချက်တွင် ၇.၄၀ ရာခိုင်နှုန်းတွင်ရပ်တန့်နေမည်ဟု ခန့်မှန်းထားကြပြီး ကာလရှည်စီမံ ကိန်းများနှင့်စီးပွားရေးစံနှုန်းများအရ ၂၀၂၀ခုနှစ်တွင် ၄.၂၀ရာခိုင်နှုန်းရှိမည်ဟု ကမ္ဘာ့ဘဏ် မှစီးပွားရေးပညာရှင်များမှ ခန့်မှန်းထားကြသည်။ ငွေကြေးဖောင်းပွမှုနှုန်းကို မထိန်းချုပ်နိုင် ခဲ့လျှင် တိုင်းပြည်ကုန်ထုတ်စွမ်းအားကိုလျော့ကျစေသည့်အပြင် စီးပွားရေးတည်ငြိမ်မှုကို လည်း အားနည်းစေပါသည်။

- ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံ၏ GDP မှာ ၈.၇ ရာခိုင်နှုန်းဖြစ်ပြီး၂၀၁၅ခုနှစ်တွင် ၇.၂ ရာခိုင်နှုန်းဖြစ်၍ ၂၀၁၅ခုနှစ်တွင် ၁.၅ရာခိုင်နှုန်း လျော့နည်းခဲ့ပါသည်။
- မြန်မာနိုင်ငံ၏ GDP သည် ၂၀၁၆ခုနှစ်တွင် ၈.၄ ရာခိုင်နှုန်းနှင့် ၂၀၁၇ခုနှစ်တွင် ၈.၃ ရာခိုင်နှုန်းတိုးတက်လာမည်ဟု အာရှဖွံ့ဖြိုးမှုဘဏ်မှ ခန့်မှန်းထားပါသည်။
- မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၁ခုနှစ်တွင် ၁၉.၉၉ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ခဲ့သည်။ သို့သော် တဖြည်းဖြည်းလျော့နည်းလာခဲ့ပြီး ၂၀၁၅ခုနှစ်တွင် ၈.၀၁၀ ရာခိုင်နှုန်းဖြင့် အနည်းငယ်ပြန်လည်မြင့်တက်လာခဲ့သည်။
- မြန်မာနိုင်ငံ၏ကုန်သွယ်မှုတွင် အာဆီယံနိုင်ငံများနှင့်အများဆုံး ကုန်သွယ်မှုပြုလုပ် ပါသည်။ တရုတ်နိုင်ငံမှသွင်းကုန်အများဆုံးကို တင်သွင်းလျက်ရှိပြီး ၂၀၁၅-၂၀၁၆ ခုနှစ်တွင် သွင်းကုန်များ၏ ၅၅ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံမှတင်သွင်းခဲ့ပါသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ငွေကြေးဖောင်းပွမှုဆိုင်ရာအချက်အလက်များ | ၄ |
| ၃။ | ၂၀၁၆ မှ ၂၀၂၀အတွင်း မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုခန့်မှန်းချက် | ၅ |
| ၄။ | ငွေကြေးဖောင်းပွမှုအတွက် အစိုးရ၏ဆောင်ရွက်ချက်များ | ၅ |
| ၆။ | GDP ဆိုင်ရာအချက်အလက်များ | ၇ |
| ၇။ | မြန်မာနိုင်ငံ၏ GDP တိုးတက်မှုရာခိုင်နှုန်း | ၈ |
| ၈။ | ၂၀၁၆ နှင့် ၂၀၁၇တွင် မြန်မာနိုင်ငံ၏ GDP တိုးတက်မှုရာခိုင်နှုန်းခန့်မှန်းချက် | ၉ |
| ၉။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ၉ |
| ၁၀။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် တွေ့ကြုံနေရသည့်စိန်ခေါ်မှုများ | ၉ |
| ၁၁။ | မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ | ၁၀ |
| ၁၂။ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အစိုးရ၏ပါဝင်ဆောင်ရွက်မှု | ၁၁ |
| ၁၃။ | မြန်မာနိုင်ငံ၏ကုန်သွယ်မှု | ၁၂ |
| ၁၄။ | ၂၀၁၁-၂၀၁၂ခုနှစ် ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ခုနှစ်၊ဘဏ္ဍာနှစ် ပို့ကုန်၊သွင်းကုန်ကုန်သွယ်မှုအခြေအနေ | ၁၄ |
| ၁၅။ | ကုန်သွယ်မှုကဏ္ဍတွင်အစိုးရ၏ပါဝင်ဆောင်ရွက်မှု | ၁၅ |
| ၁၆။ | ကမ္ဘာ့ငွေကြေးဖောင်းပွမှုခန့်မှန်းချက် | ၁၇ |
| ၁၈။ | မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဘက်နိုင်ငံများ | ၁၈ |
| ၁၉။ | ၂၀၁၆ခုနှစ်၊ဇွန်လကုန်ထိ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ | ၁၉ |
| ၂၀။ | ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်း | ၂၀ |

## နိဒါန်း

၁။ မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာစီးပွားရေးပိတ်ဆို့မှုဒဏ်ခံရခြင်း၊ ပြည်တွင်းငြိမ်သက်မှုမရှိခြင်း၊ နိုင်ငံတကာနှင့်ဆက်ဆံရေးပြတ်တောက်ခဲ့ခြင်းတို့ကြောင့် ၂၀၁၁ခုနှစ်မတိုင်မီတွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းတွင်ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ၏စီးပွားရေးစနစ်သည် ပုဂ္ဂလိကပိုင်းနှင့် အစိုးရပိုင်းစီးပွားရေးပုံစံနှစ်မျိုး ရောစပ်ထားခြင်းဖြစ်သည်။ ပုဂ္ဂလိကပိုင်းသည် စိုက်ပျိုးရေးနှင့်အသေးစားစက်မှုလုပ်ငန်းများတွင်နေရာယူပြီး နိုင်ငံတော်ပိုင်းသည်စွမ်းအင်၊ အကြီးစားစက်မှုလုပ်ငန်းနှင့် ဆန်စပါးရောင်းဝယ်ရေးတို့ကို ရယူထားသည်။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် စီးပွားရေး၊ လူမှုရေးနှင့်အုပ်ချုပ်ရေးအစီအစဉ်ပြုပြင်ပြောင်းလဲခြင်းများကို ၂၀၁၁ ခုနှစ် ဦးသိန်းစိန်အစိုးရလက်ထက်မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သဖြင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်ခဲ့ပါသည်။

၂။ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ မြန်မာနိုင်ငံ၏စီးပွားရေးရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်အဆင့်သည် ကမ္ဘာ့နိုင်ငံများနှင့်နှိုင်းယှဉ်လျှင် ၂၀၁၅ ခုနှစ်တွင် အဆင့်(၁၇၇)တွင် သတ်မှတ်ခြင်းခံထားရပြီး ၂၀၁၆ ခုနှစ်တွင် အဆင့် (၁၆၇) ရှိသောကြောင့် တိုးတက်မှုအခြေအနေများကိုတွေ့မြင်ရသည်။ သို့သော် အခွန်ပေးဆောင်ခြင်းနှင့်ချေးငွေရယူခြင်း အဆင့်သတ်မှတ်ချက်တွင်ကျဆင်းလာသည်ကိုတွေ့ရသည်။ လက်ရှိမြန်မာနိုင်ငံသည် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်ရန်အဆင့်သတ်မှတ်ချက်မှာ အောက်ခြေအဆင့်တွင်ရှိနေသေးသည်ကို သတိပြုရမည်ဖြစ်သည်။

၃။ ဤစာတမ်းတိုတွင် မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှု ၊ GDP ဆိုင်ရာအချက်အလက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုကဏ္ဍဆိုင်ရာ အချက်အလက်များနှင့် မြန်မာနိုင်ငံသည် ယခင်ကာလများကဲ့သို့ စီးပွားရေးပြန်လည်ဦးမော့လာစေရန်ဆောင်ရွက်ရာတွင် လိုအပ်မည့်အခြေခံအချက်အလက်များကို စုစည်းရှာဖွေရေးသားထားပါသည်။

## မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုဆိုင်ရာအချက်အလက်များ

၄။ ငွေကြေးဖောင်းပွမှုဆိုသည်မှာ တစ်နှစ်တာကာလအတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်ပမာဏကြီးမြင့်လာသည့် အတိုင်းအတာတစ်ရပ်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းပင်ဖြစ်သည်။[၁] မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများမြင့်တက်လာခြင်းကြောင့် GDP တိုးတက်မှုနှုန်းမြင့်မားလျက်ရှိသော်လည်း ကုန်သွယ်မှုလိုငွေများပြားခြင်း၊ ကျပ်ငွေတန်ဖိုးလျော့ကျခြင်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားခြင်းတို့ကို ရင်ဆိုင်ရလျက်ရှိပါသည်။ ငွေကြေးဖောင်းပွမှုနှုန်းကို မထိန်းချုပ်နိုင်ခဲ့လျှင် တိုင်းပြည်ကုန်ထုတ်စွမ်းအားကိုလျော့ကျစေသည့်အပြင် စီးပွားရေးတည်ငြိမ်မှုကိုလည်း အားနည်းစေပါသည်။[၂]

### ၂၀၁၁မှ ၂၀၁၅ထိ မြန်မာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုပြဇယား




*Source: World Bank* [၃]

[၁] Ceyda Uner, Inflation :Prices on the Rise , IMF, 28 March 2012, available from: http:// www.imf.org / external/pubs/ ft/ fandd/basics /inflat.htm#author

[၂] Ygnnews၊ ၂၂၊ ဖေဖော်ဝါရီလ ၂၀၁၄၊ http: //www.ygnnews.com/2014/01/blog-post_8424.html

[၃] http://pubdocs.worldbank.org/pubdocs/ publicdoc/2016/5/957751464748030 473 /MEM-Key-messages.pdf

၅။ ဖော်ပြပါပုံတွင် ၂၀၁၅ခုနှစ်၊ မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုအမြင့်ဆုံးဖြစ်ရခြင်းမှာ ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံသည်ရာသီဥတုဆိုးရွားပြင်းထန်မှုများကြောင့် စီးပွားရေးအရှုံ ကိန်းပြခဲ့ခြင်း၊ နိုဝင်ဘာလတွင် ရွေးကောက်ပွဲများကျင်းပခဲ့ခြင်းတို့ရှိခဲ့ပြီး ဒေသတွင်းနိုင်ငံ များကြားတွင် စီးပွားရေးသိသာစွာဆိုးရွားသွားခြင်းမရှိသော်လည်း ငွေကြေးဖောင်းပွမှုမှာ ယခင်နှစ်များထက်များပြားခဲ့သည်။ ၂၀၁၂ခုနှစ်တွင် မြန်မာနိုင်ငံတွင် ငွေကြေးဖောင်းပွမှုအနိမ့် ဆုံးရောက်ရှိခဲ့ပါသည်။[၄]

## ၂၀၁၆ မှ ၂၀၂၀အတွင်း မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုခန့်မှန်းချက်

၆။ စီးပွားရေးလေ့လာကျွမ်းကျင်ပညာရှင်များ၏ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏ငွေကြေး ဖောင်းပွမှုသည် ၂၀၁၆ မှ ၂၀၂၀ အတွင်း ပျမ်းမျှ ၁၂.၈၀ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထား ကြသည်။ လာမည့်တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းသည် ၇.၄၀ ရာခိုင်နှုန်းတွင် ရပ်တန့်နေမည်ဟုခန့်မှန်းထားသည်။ ကာလရှည်စီမံကိန်းများနှင့် စီးပွားရေးဆိုင်ရာစံနှုန်းများအရ ၂၀၂၀တွင် မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၂၀ ရာခိုင်နှုန်း ရှိမည်ဖြစ်သည်။[၅]

## ငွေကြေးဖောင်းပွမှုအတွက်အစိုးရ၏ဆောင်ရွက်ချက်များ

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် စီးပွားရေးနှင့်ကုန်ထုတ်လုပ်မှုတိုးတက်မှုနှုန်းများကို လိုက်လျောညီထွေဖြစ်စေမည့် ငွေကြေးမူဝါဒကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါသည်။ ယခုလက်ရှိကာလတွင် ငွေကြေးဖောင်းပွမှုကိုထိန်းသိမ်းရန်ရည်ရွယ်၍ အဓိက ငွေကြေးမူဝါဒများအဖြစ် သီးသန့်ငွေလိုအပ်ချက်၊ အတိုးနှုန်းမူဝါဒနှင့်ငွေကြေးဈေးကွက် တွင် ငွေချေးစာချုပ်များကိုရောင်းဝယ်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းအတွက် Exchange Rate တွက်ချက်သတ်မှတ်ပေးခြင်းနှင့် ပြည်တွင်းဘဏ်များ၏နိုင်ငံခြားငွေရောင်းဝယ်လို ခြင်းများအတွက်နေ့စဉ် Auction ဆောင်ရွက်၍ ဈေးနှုန်းတည်ငြိမ်အောင်ဆောင်ရွက်ခြင်း၊

---

[၄] http://www.focus-economics.com/countries/myanmar

[၅] http://cdn.trading economics.com/charts/myanmar-inflation-cpi

နိုင်ငံတော်၏အရံနိုင်ငံခြားငွေ (Foreign Exchange Reserve)အား စီမံခန့်ခွဲခြင်းစသော နည်းလမ်းများကိုအသုံးပြုကာ မြန်မာနိုင်ငံ၏ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်နှင့်ကိုက်ညီသည့် ငွေရေးကြေးရေးကဏ္ဍကို တည်ငြိမ်စေလျက် ဈေးနှုန်းများတည်ငြိမ်ရေးကိုထိန်းသိမ်းရန်နှင့် မြန်မာကျပ်ငွေတန်ဖိုးခိုင်ခံ့တည်မြဲစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။[၆]

၈။ အောက်ပါအကြောင်းအရာများသည် ငွေကြေးဖောင်းပွစေသောအခြေခံအကြောင်းအရာများဖြစ်သည်-

(က) လည်ပတ်ငွေကြေးပမာဏကြီးထွားလာခြင်း၊

(ခ) ရောင်းလိုအားနည်းပါးခြင်း၊

(ဂ) ဝယ်လိုအားတိုးမြင့်လာခြင်း တို့ဖြစ်သည်။[၇]

၉။ အောက်ပါတို့သည် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ရန် အခြေခံအချက်များဖြစ်ပါသည်-

(က) အတိုးနှုန်းအပြောင်းအလဲပြုလုပ်ခြင်း

(ခ) ငွေကြေးဖောင်းပွမှုဆိုင်ရာ မျှော်မှန်းချက်အားထိန်းညှိခြင်း၊

(ဂ) နိုင်ငံခြားငွေလဲလှယ်နှုန်းအားသတ်မှတ်ခြင်း၊

(ဃ) ကုန်ဈေးနှုန်းများတိုက်ရိုက်သတ်မှတ်ခြင်း၊

(င) အခွန်နှင့်အသုံးစရိတ်ပြောင်းလဲသတ်မှတ်ခြင်း

(စ) အမြင့်ဆုံးငွေကြေးဖောင်းပွမှုနှုန်းကို ရည်မှန်းချက်ပန်းတိုင်တစ်ခုအဖြစ်သတ်မှတ်ခြင်း တို့ဖြစ်ပါသည်။[၈]

---

[၆] http://www.cbm.gov.mm/my/content/မြန်မာနိုင်ငံတော်ဗဟိုဘဏ်

[၇] http:// www.imf.org / external/pubs/ ft/ fandd/basics /inflat.htm

[၈] http:// www.imf.org / external/pubs/ ft/ fandd/basics /monpol.htm

## GDP ဆိုင်ရာအချက်အလက်များ

၉။ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးတိုးတက်မှုအား နိုင်ငံ၏ GDP တိုးတက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိသည်။ **စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု** သို့မဟုတ် "ဂျီဒီပီ (Gross Domestic Product, GDP)" ဆိုသည်မှာ စီးပွားရေးအဆောက်အအုံကြီး၏ပမာဏအား တိုင်းတာသည့် စနစ်တစ်ခုဖြစ်သည်။ နိုင်ငံတစ်ခု၏ 'ဂျီဒီပီ'ဟုဆိုရာတွင် တိုင်းပြည်တစ်ခု၏သတ်မှတ်သော ကာလတစ်ခုအတွင်း အပြီးသတ်ထုတ်လုပ်ပြီးသော ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများ အားလုံး၏ဈေးကွက်တန်ဖိုးကိုဆိုလိုသည်။ တစ်နည်းအားဖြင့် အပြီးသတ်ပစ္စည်းထုတ်လုပ်သည့်အဆင့်တိုင်းတွင် တန်ဖိုးမြင့်တက်အောင် ပေါင်းထည့်ရသောတန်ဖိုးနှင့် ဝန်ဆောင်မှု စုစုပေါင်းတို့၏တန်ဖိုးကိုသတ်မှတ်သည့်ကာလတစ်ခုအတွင်း တွက်ချက်၍ရသောကိန်းဂဏန်း တစ်ခုဖြစ်သည်။ 'ဂျီဒီပီ'ကို အလွယ်ကူဆုံးရှင်းလင်းစွာသဘောပေါက်ရန်နှင့် တိုင်းတာရန် နည်းလမ်းမှာ ကုန်ကျစရိတ်ဖြင့်တွက်ချက်ခြင်းပင်ဖြစ်သည်။ ဂျီဒီပီ=စားသုံးမှု+ ရင်းနှီးမြှုပ်နှံမှု+ အစိုးရအသုံးစရိတ်+ (ထုတ်ကုန်-သွင်းကုန်)

၁၀။ စီးပွားရေးစနစ်တစ်ခုတွင် လူနေမှုအဆင့်အတန်းကို တစ်ဦးချင်းဂျီဒီပီနှင့်ပြလေ့ရှိသည်။ ဤနည်းသည် အားသာချက်များရှိသော်လည်း လူနေမှုအဆင့်အတန်းကိုဖော်ပြရာတွင် ယင်းကို အသုံးပြုခြင်းအပေါ်ဝေဖန်မှုများစွာပေါ်ပေါက်ခဲ့သည်။ တစ်ဦးချင်းဂျီဒီပီဝင်ငွေကို လူနေမှုအဆင့်အတန်းနှိုင်းယှဉ်မှုပြုရာတွင် အသုံးပြုခြင်း၏အားသာချက်များမှာ ဤတိုင်းတာမှုကိုမကြာခဏပြုလုပ်၍ရခြင်း၊ ကျယ်ပြန့်စွာပြုလုပ်နိုင်ခြင်းနှင့် တစိုက်မတ်မတ်ပြုလုပ်၍ရခြင်းများဖြစ်သည်။ နိုင်ငံများစွာတွင် ဂျီဒီပီကိန်းဂဏန်းများကို ၃လပတ်တစ်ကြိမ်ထုတ်ပေးခြင်း (စီးပွားရေးစနစ်၏ဦးတည်ရာကို ဆောလျင်စွာဖော်ထုတ်သိရှိနိုင်ခြင်း)၊ ကျယ်ပြန့်စွာရရှိနိုင်သည်ဟုဆိုရာတွင် တိုင်းပြည်အများအပြား၏ဂျီဒီပီအချိုးအစိတ်အပိုင်းကို သိရှိနိုင်ခြင်း (ဤသို့ဖြင့် နိုင်ငံများ၏လူနေမှုအဆင့်အတန်းကို အကြမ်းဖျင်းနှိုင်းယှဉ်နိုင်ခြင်း၊)

တစိုက်မတ်မတ်ဟုဆိုရာတွင် ဂျီဒီပီကိုအဓိပ္ပါယ်ဖွင့်ဆိုရာ၌ အသုံးပြုသည့်ဘောင်စနစ်များမှာ နိုင်ငံများအတွင်း တစ်ပုံစံတည်းတူညီသည်ဟု ယူဆထားရှိခြင်းတို့ဖြစ်ကြသည်။

၁၁။ ဂျီဒီပီကိုအသုံးပြုရာတွင် အဓိကအားနည်းချက်မှာ လူနေမှုအဆင့်အတန်းကိုမဖော်ညွှန်းနိုင်ခြင်းဖြစ်သည်။ ဂျီဒီပီ၏ရည်ရွယ်ချက်မှာ နိုင်ငံတစ်ခုအတွင်းစီးပွားရေးလောက၏ သီးခြားအကန့်များအတွင်း လှုပ်ရှားမှုကိုသိရှိနိုင်ရန်ဖြစ်သည်။ ဥပမာတစ်ခုပြရလျှင် တိုင်းပြည်တစ်ခုသည် မိမိ၏ထုတ်လုပ်မှု ၁၀၀ ရာခိုင်နှုန်းကို ထုတ်ကုန်အဖြစ်တင်ပို့ခဲ့လျှင် ဂျီဒီပီမြင့်မားနေသော်လည်း လူနေမှုအဆင့်အတန်းမှာ နိမ့်ကျနေမည်သာဖြစ်သည်။ မြန်မာနိုင်ငံ၏ဂျီဒီပီတိုးတက်နှုန်းသည် ၈.၅ရာခိုင်နှုန်းဖြစ်ပြီး တစ်ဦးချင်းစီ၏ဂျီဒီပီသည် အမေရိကန်ဒေါ်လာ ၄,၈၀၀ ဖြစ်သည်။[၉]

**မြန်မာနိုင်ငံ၏ GDPတိုးတက်မှုရာခိုင်နှုန်း**

**၂၀၁၁ မှ ၂၀၁၅ ထိ GDPတိုးတက်မှုရာခိုင်နှုန်း**




***Source:*** *Asian Development Outlook 2016*

၁၂။ ဖော်ပြပါပုံတွင် မြန်မာနိုင်ငံ၏ GDP မှာ ၂၀၁၁ ခုနှစ်မှစ၍ တဖြည်းဖြည်းတိုးတက်လာသည်ကိုတွေ့ရှိရသည်။ ၂၀၁၄ခုနှစ်တွင် ၈.၇%ရှိခဲ့သည်။ ထိုသို့တိုးတက်လာခြင်းမှာ

[၉] https://en.wikipedia.org/wiki/Economy_of_Myanmar

ဆောက်လုပ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်လာခြင်းကြောင့်ဖြစ်သည်။ သို့သော် ၂၀၁၅တွင် အနည်းငယ်ပြန်လည်ကျဆင်းသွားသည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ရေကြီးရေလျှံမှုများနှင့် ရာသီဥတုဆိုးရွားဖောက်ပြန်မှုတို့ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင်သိသာစွာ ဝင်ငွေလျော့နည်းခဲ့သည်။[၁၀]

## ၂၀၁၆ နှင့် ၂၀၁၇တွင် မြန်မာနိုင်ငံ၏ GDP တိုးတက်မှုရာခိုင်နှုန်းခန့်မှန်းချက်

၁၃။ အာရှဖွံ့ဖြိုးမှုဘဏ်၏ခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏ GDP တိုးတက်မှုရာခိုင်နှုန်းခန့်မှန်းချက်မှာ ၂၀၁၆ခုနှစ်တွင် ၈.၄ရာခိုင်နှုန်းဟု ခန့်မှန်းထားပြီး ၂၀၁၇ခုနှစ်တွင် ၈.၃ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားရှိပါသည်။[၁၁]

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

၁၄။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပေါ်တွင် များစွာမူတည်နေပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ့စီးပွားရေးကိုတိုးတက်စေရုံမျှမက အလုပ်အကိုင်ရရှိလိုမှုအခွင့်အလမ်းများ၊ လုပ်ကိုင်နိုင်ရည်နှင့်တီထွင်ဆန်းသစ်သော အတွေးအခေါ်သစ်များတွေးခေါ်နိုင်ခြင်းနှင့် ထုတ်လုပ်မှုစွမ်းရည်များမြှင့်တင်နိုင်ခြင်းတို့ကို ထောက်ပံ့ပေးနိုင်သော အရင်းအမြစ်တစ်ခုဖြစ်သည်။[၁၂]

ဥပမာ-၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် အလုပ်အကိုင်သစ် ၉၀,၀၀၀ထိ ဖန်တီးပေးနိုင်ခဲ့သည်။ ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆.၆ ဘီလီယံ ရရှိခဲ့သည်။[၁၃]

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် တွေ့ကြုံနေရသည့်စိန်ခေါ်မှုများ

[၁၀] Asian Development Outlook 2016http://www.adb.org/countries/myanmar/economy

[၁၁] Asian Development Outlook 2016http://www.adb.org/countries/myanmar/economy

[၁၂] McKinsey Global Institute of Myanmar Moment; Unique Opportunities, Major Challenges McKinsey Global Institute

[၁၃] လွှတ်တော်သုတေသနဝန်ဆောင်မှု မိတ်ဆက် (၂၀၁၆)၊စာမျက်နှာ ၄၅

၁၅။ မြန်မာနိုင်ငံတွင်ရင်ဆိုင်နေရသော စီးပွားရေးပြဿနာတစ်ရပ်မှာ နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများသည် ထုတ်ကုန်မြှင့်တင်ရေးကဏ္ဍတွင်အားနည်းကာ သဘာဝအရင်းအမြစ်များ တူးဖော်ထုတ်လုပ်မှုကဏ္ဍတွင်မူ အားကောင်းလျက်ရှိနေပါသည်။ ယင်းပြဿနာမှာ- အခြေခံအဆောက်အအုံလိုအပ်ချက်၊ လူ့စွမ်းအားအရင်းအမြစ်များ၊ ပုဂ္ဂလိကကဏ္ဍများ၌ အားနည်းခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍ၏ဘက်စုံအားနည်းမှုကြောင့် သမရိုးကျခွဲထွက်၍ ဆန်းသစ်တီထွင် မှုနည်းပါးခြင်းတို့ဖြစ်သည်။

၁၆။ ထို့အပြင် မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရင်းနှီးမြှုပ်နှံသူများကို ကာကွယ်ပေးသောအချက်များနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် တိကျရှင်းလင်းသောပြဋ္ဌာန်းချက်များမရှိခြင်း၊ စာချုပ်စာတမ်း၊ ပစ္စည်းမူပိုင်ခွင့်နှင့်အငြင်းပွားမှုများအား ဖြေရှင်းခြင်းဆိုင်ရာပြဋ္ဌာန်းချက်များအားနည်းခြင်း၊ ခွင့်ပြုချက်ရရှိရန်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များမှာရှုပ်ထွေးခြင်းနှင့် ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ဖြစ်သည်။[၁၄]

**မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ**

**နှစ်အလိုက်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ**




[၁၄] လွှတ်တော်သုတေသနဝန်ဆောင်မှု မိတ်ဆက် (၂၀၁၆)၊စာမျက်နှာ ၄၆

Source: ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

၁၇။ ဖော်ပြပါပုံတွင် မြန်မာနိုင်ငံ၌ပြုပြင်ပြောင်းလဲမှုစတင်ခဲ့သည့် ၂၀၁၀-၂၀၁၁ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ၁၉.၉၉၉ဒေါ်လာသန်းဖြင့် တစ်ဟုန်ထိုးမြင့်တက်သွားခဲ့သည်။ သို့သော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းမှုနှင့်စပ်လျဉ်း၍ မသေချာမှုများကြောင့် ၂၀၁၁-၂၀၁၂ နှင့် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ သိသိသာသာလျော့ကျခဲ့သည်။[၁၅] မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်းပေါင်း ၈၀၁၀.၅ ရှိခဲ့သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင်ရင်းနှီးမြှုပ်နှံမှုပြန်လည်မြင့်တက်ရခြင်းအကြောင်းအရင်းမှာ ရေနံနှင့်ဓါတ်ငွေ့ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်းကြောင့်ဖြစ်သည်။ [၁၆]

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အစိုးရ၏ပါဝင်ဆောင်ရွက်မှု

၁၈။ မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ခုနှစ် နိုဝင်ဘာလ၂ရက်နေ့တွင်ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေ၏ရည်ရွယ်ချက်မှာ တာဝန်ယူသော၊ ရေရှည်တည်တံ့သော၊ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းနိုင်သောရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းတစ်ရပ်ဖန်တီးရန်နှင့် ပြည်တွင်းပြည်ပမှလုပ်ငန်းရှင်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးကို အားကောင်းစေရန်ဖြစ်သည်။ မြန်မာနိုင်ငံ၏သဘာဝသယံဇာတ ပေါများကြွယ်ဝမှု၊ ပထဝီနိုင်ငံရေးအနေအထားနှင့် စီးပွားရေးတိုးတက်လာမှုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့ကို ဆွဲဆောင်လျက်ရှိသည်။[၁၇]

၁၉။ စီမံရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည်လည်း နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ပို့ကုန်သွင်းကုန်လုပ်ငန်းများ နိုင်ငံတကာကူးသန်းရောင်းဝယ်မှုလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာကြ

---

[၁၅] လွှတ်တော်သုတေသနဝန်ဆောင်မှု မိတ်ဆက် (၂၀၁၆)၊စာမျက်နှာ ၄၅
[၁၆] Directrate of Investment and company Administration
[၁၇] လွှတ်တော်သုတေသနဝန်ဆောင်မှု မိတ်ဆက် (၂၀၁၆)၊စာမျက်နှာ ၄၆

သည်နှင့်အညီ အဆိုပါလုပ်ငန်းများ၏ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် နိုင်ငံတော်ပိုင်ဘဏ်တစ်ခုအနေဖြင့် အစွမ်းကုန်ဖြည့်ဆည်း ပေးလျက်ရှိသည်။[၁၈]

၂၀။ ထို့အပြင် စီမံရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် ပြည်တွင်းပြည်ပမှရင်းနှီးမြှုပ်နှံမှုပမာဏကို တွက်ချက်ခန့်မှန်းပြီး ရင်းနှီး မြှုပ်နှံမှုလျှောက်လွှာများကိုစိစစ်ကာ ခွင့်ပြုချက်ပေးသင့်မပေးသင့်သည်ကို ဆုံးဖြတ်ပေး သည်။ ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား ပုဂ္ဂလိကပိုင်မြေယာများငှားရမ်းမှုကို ခွင့်ပြုပေးခြင်း၊ နိုင်ငံပိုင်မြေယာများကိုငှားရမ်းပေးခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ညွှန်ကြားချက်ဖြင့်လုပ်ငန်းပိုင်ဆိုင်မှုများလွှဲပြောင်းပေးခြင်းနှင့် ငွေကြေးလွှဲ ပြောင်းရာတွင် ကန့်သတ်မှုများလျှော့ချခြင်းစသည်တို့ကို ဆောင်ရွက်ပေးခဲ့သည်။ မြန်မာ နိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် ငါးထွက်ကုန်တင်ပို့သူဖြစ်သည့် ဦးနှင်းဦးမှလည်း ကုန်ထုတ်လုပ်မှုကဏ္ဍမတိုးတက်လာသ၍ နိုင်ငံ၏စီးပွားရေးလည်း တိုးတက်လာမည်မဟုတ်သောကြောင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပိုမိုဆွဲဆောင်သင့်ကြောင်း ပြောကြားခဲ့သည်။[၁၉]

## မြန်မာနိုင်ငံ၏ကုန်သွယ်မှု

၂၁။ မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့်ကုန်သွယ်မှုပြုလုပ်ရန် အချက်အချာကျခြင်း၊ ကုန် သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများ အများအပြားရှိပြီး နိုင်ငံတကာမှလည်း ရင်းနှီးမြှုပ်နှံမှုများပြုလုပ်လာခြင်း၊ စီးပွားရေးပိတ်ဆို့ခံရမှုများလည်းမရှိတော့ပဲ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်ဖြင့်ကြိုးစားဆောင်ရွက်လျက်ရှိသည့်အတွက်လာမည့် အနာဂတ်ကာလတွင် မြန်မာနိုင်ငံသည် ရင်းနှီးမြှုပ်နှံသူများအတွက် အကြီးမားဆုံးရတနာ သိုက်ကြီးတစ်ခုဖြစ်လာပါလိမ့်မည်။[၂၀] ထို့အပြင် စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်သည့်အတွက်

[၁၈] http://www.mof.gov.mm/my?q=node/68
[၁၉] လွှတ်တော်သုတေသနဝန်ဆောင်မှု မိတ်ဆက် (၂၀၁၆)၊စာမျက်နှာ ၄၇
[၂၀] http://www.commerce.gov.mm/my/article/business-opportunity

မြေသယံဇာတအမြောက်အမြားရှိသကဲ့သို့ လယ်ယာကဏ္ဍတိုးမြှင့်ရန်အတွက် ဆည်မြောင်း တာတမံများဖြင့် ရေသွင်းစိုက်ပျိုးခြင်းများဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသည် နှစ်ရှည် သီးနှံပင်များသာမက ဆန်၊ ပဲ၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များစသည့်သီးနှံများကို ပါစိုက်ပျိုးပြီး အဆိုပါပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့တင်ပို့လျက်ရှိပါသည်။ မြန်မာ နိုင်ငံသည် တန်ဖိုးမြှင့်လယ်ယာထွက်ကုန်ပစ္စည်းများထုတ်လုပ်မှုနှင့် စားသောက်ကုန်ထုတ် လုပ်သည့်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်လျက်ရှိသဖြင့် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်အလားအလာများစွာရှိပါသည်။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း များ (SMEs) ကိုလည်း ပံ့ပိုးကူညီပေးလျက်ရှိပါသည်။[၂၁]

၂၂။ မြန်မာနိုင်ငံတွင် အဓိကမြစ်ကြီး(၄)စင်းရှိပြီး ဘင်္ဂလားပင်လယ်အော်၊ အက်ဒမန် ပင်လယ်တို့နှင့်လည်းဆက်စပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ကမ်းရိုးတန်းသည် ၂၈၃၂ ကီလိုမီတာရှည်လျားသည့်အတွက် ရေချိုရေငန်ငါးများအပါအဝင်လတ်ဆတ်သောရေ ထွက်ကုန်ပစ္စည်းများကိုလည်းတင်ပို့နိုင်ခဲ့ပါသည်။ ရေချိုငါးနှင့်ပုဇွန်မွေးမြူထုတ်လုပ်ရေး လုပ်ငန်းအလားအလာများလည်းရှိနေပါသည်။ နိုင်ငံဧရိယာ၏ ထက်ဝက်ကျော်သည် သစ်တော များဖုံးလွှမ်းနေဆဲဖြစ်၍ မြန်မာနိုင်ငံသည် ကမ္ဘာတွင်ထင်ရှားသော ကျွန်းသစ်အပါအဝင် သစ်တောထွက်ပစ္စည်းအမျိုးမျိုးကို တင်ပို့လျက်ရှိပါသည်။ သစ်မာနှင့်အခြားသစ်မျိုးစုံ လည်းထွက်ရှိသဖြင့် ကုန်ကြမ်းပစ္စည်းများသာတင်ပို့မည့်အစား ပရိဘောဂကဲ့သို့ တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများကို ထုတ်လုပ်တင်ပို့သည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ် နိုင်ပါသည်။

၂၃။ မြန်မာနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းလုပ်ငန်းများတွင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ကမ်းလွန်ရေနံ နှင့် သဘာဝဓာတ်ငွေ့သိုက်များ ရှာဖွေခြင်းလုပ်ငန်းတွင် ထုတ်လုပ်မှုခွဲဝေခြင်းစာချုပ်များ ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည်ရေနံ၊သဘာဓာတ်ငွေ့နှင့်သတ္တုတွင်း ထွက် အမြောက်အမြားပိုင်ဆိုင်သည့်အတွက် စွမ်းအင်ကဏ္ဍတွင် ရေနံသန့်စင်စက်ရုံနှင့်

[၂၁] http://www.commerce.gov.mm/my/article/business-opportunity

ဓာတ်မြေဩဇာစက်ရုံကဲ့သို့သော ရေရှည်စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်းရှိဧရာဝတီ၊စစ်တောင်း၊ သံလွင်၊ ချင်းတွင်း စသည့် မြစ်ကြီးများမှအနည်းဆုံးလျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၃၇၀၀၀ ထုတ်လုပ်နိုင်ပြီး ၇၄၅ မဂ္ဂါဝပ်ခန့်ကိုသာထုတ်ယူပြီးဖြစ်သဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်ပါသည်။

၂၄။ နိုင်ငံအဝှမ်းတွင် စက်မှုဇုန်၁၈ခုနှင့်အသေးစားနှင့်အလတ်စားလုပ်ငန်း (SMEs) ၉၅၈၉၉ခုကို နိုင်ငံအနှံ့တည်ထောင်ပြီးဖြစ်သဖြင့် လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ စွမ်းအင်ကဲ့သို့သော အခြားကဏ္ဍများနှင့်အတူ ကုန်ထုတ်လုပ်မှုကဏ္ဍသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ လုပ်သားအင်အားအဓိကထားသည့်လုပ်ငန်းများ၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) စသည့်ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန်အခွင့်အလမ်းအများအပြားရှိပါသည်။[၂၂]

## ၂၀၁၁-၂၀၁၂ဘဏ္ဍာနှစ်မှ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်ပို့ကုန်၊သွင်းကုန်ကုန်သွယ်မှုအခြေအနေ

**အမေရိကန်ဒေါ်လာသန်း**

| စဉ် | အကြောင်းအရာ | ပို့ကုန် | | | သွင်းကုန် | | | ပမာဏ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ပင်လယ်ရေကြောင်း | နယ်စပ် | စုစုပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | စုစုပေါင်း | ပင်လယ်ရေကြောင်း | နယ်စပ် | စုစုပေါင်း |
| ၁ | ၂၀၁၁-၂၀၁၂ | ၇၁၀၇.၂၀၈ | ၂၀၂၈.၃၉၄ | ၉၁၃၅.၆၀၂ | ၇၆၉၅.၄၅၉ | ၁၃၃၉.၆၀၄ | ၉၀၃၅.၀၆၃ | ၁၄၈၀၂.၆၆၇ | ၃၃၆၇.၉၉၈ | ၁၈၁၇၀.၆၆၅ |
| ၂ | ၂၀၁၂-၂၀၁၃ | ၆၈၄၃.၀၄၄ | ၂၁၃၃.၉၇၁ | ၈၉၇၇.၀၁၅ | ၇၈၃၀.၃၅၉ | ၁၂၃၈.၅၅၅ | ၉၀၆၈.၉၁၄ | ၁၄၆၇၃.၄၀၃ | ၃၃၇၂.၅၂၆ | ၁၈၀၄၅.၉၂၉ |
| ၃ | ၂၀၁၃-၂၀၁၄ | ၈၄၄၂.၇၆၇ | ၂၇၆၁.၁၉၀ | ၁၁၂၀၃.၉၅၇ | ၁၁၉၃၂.၆၀၃ | ၁၈၂၆.၉၀၄ | ၁၃၇၅၉.၅၀၇ | ၂၀၃၇၅.၃၇၀ | ၄၅၈၈.၀၉၄ | ၂၄၉၆၃.၄၆၄ |
| ၄ | ၂၀၁၄-၂၀၁၅ | ၈၂၃၀.၇၃၃ | ၄၂၉၂.၉၈၄ | ၁၂၅၂၃.၇၁၇ | ၁၄၁၃၉.၀၀၆ | ၂၄၉၄.၁၄၀ | ၁၆၆၃၃.၁၄၆ | ၂၂၃၆၉.၇၃၉ | ၆၇၈၇.၁၂၄ | ၂၉၁၅၆.၈၆၃ |
| ၅ | ၂၀၁၅-၂၀၁၆ | ၆၅၈၇.၉၄၈ | ၄၅၄၈.၉၃၀ | ၁၁၁၃၆.၈၇၈ | ၁၃၉၇၃.၀၀၇ | ၂၆၀၄.၉၄၁ | ၁၆၅၇၇.၉၄၈ | ၂၀၅၆၀.၉၅၅ | ၇၁၅၃.၈၇၁ | ၂၇၇၁၄.၈၂၆ |

[၂၂] http://www.commerce.gov.mm/my/article/business-opportunity

*Source- Customs* [၂၇]

၂၅။ မြန်မာနိုင်ငံ၏ပို့ကုန်၊သွင်းကုန်၊ ကုန်သွယ်မှုအခြေအနေတွင် ပို့ကုန်ပမာဏထက် သွင်းကုန်ပမာဏပိုများနေသည်ကိုတွေ့ရှိရသည်။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင် ပင်လယ်ရေကြောင်းမှပို့ကုန်အရေအတွက် အများဆုံးဖြစ်ခဲ့သည်။ နယ်စပ်မှပို့ကုန်ပမာဏသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကိုတွေ့ရသည်။ ၂၀၁၄-၂၀၁၅ခုနှစ်တွင် ပင်လယ်ရေကြောင်းမှသွင်းကုန် ပမာဏအများဆုံးဖြစ်သည်ကိုတွေ့ရသည်။ ၂၀၁၅-၂၀၁၆ ခုနှစ်၏ ပထမဇွလအတွင်းတွင် ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ပို့ကုန်တန်ဖိုး သည် ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။ စိုက်ပျိုးရေးကုန်စည်ရောင်းလိုအားကျဆင်းမှုနှင့် ကမ္ဘာ့ကုန်စည်ဈေးနှုန်းများကျဆင်းမှုတို့ကြောင့် ကုန်သွယ်မှုလိုငွေပြမှုကို ပိုမိုကြီးထွားစေခဲ့ပြီး ငွေလဲနှုန်းအပေါ် ဖိအားဖြစ်စေခဲ့ပါ သည်။[၂၈]

## ကုန်သွယ်မှုကဏ္ဍတွင်အစိုးရ၏ပါဝင်ဆောင်ရွက်မှု

၂၆။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်မှုနှင့်ပတ်သက်သည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏စည်းမျဉ်းများအရလည်းကောင်း၊ လက်ရှိပြောင်းလဲလာသော စီးပွားရေးအခြေအနေများအရ နိုင်ငံခြားမှလာရောက်ရင်းနှီးမြှုပ်နှံလိုသူများ၊ စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်လိုသူများ များပြားလာမှုအရလည်းကောင်း၊ ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးပိုမိုကောင်းမွန်သောဆောက်လုပ်ရေးပစ္စည်းများအသုံးပြုနိုင်ရန် ရည်ရွယ်၍ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားသားဖက်စပ်ကုမ္ပဏီများကိုကုန်သွယ်ခွင့်ပြုခဲ့သည်။

---

[၂၇] http://www.commerce.gov.mm/my/content ပုံမှန်နယ်စပ်ပို့ကုန်သွင်းကုန်

[၂၈] ကမ္ဘာ့ဘဏ်၏မြန်မာ့စီးပွားရေးစောင့်ကြည့်အစီရင်ခံစာ၊ ၂၀၁၆ ခုနှစ် မေလ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ http://pubdocs.worldbank.org/pubdocs/publicdoc/2016/5/957751464748030 473 /MEM-Key-messages.pdf မှ ကောက်နုတ်ရရှိပါသည်။ (ကောက်နုတ်ရရှိသည့်ရက် ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

၂၇။ အစိုးရသစ်၏ရက်ပေါင်း ၁၀၀ စီမံချက်တွင် အရေးကြီးသော ပြုပြင်ပြောင်းလဲမှု အနေဖြင့် နယ်စပ်စခန်းများတွင် သွင်းကုန်လိုင်စင်ရရှိပြီး တင်သွင်းရန်ကျန်ရှိနေသော ယာဉ်ယန္တရားများကို သွင်းကုန်လိုင်စင်တိုးမြှင့်ပေးပြီး တင်သွင်းခွင့်ပြုခြင်း၊ ပြည်ပမှတင်သွင်း ခွင့်ပြုထားသော လုပ်ငန်းသုံးယာဉ်ယန္တရားများနှင့်ပတ်သက်ပြီး ယခင်ကကုမ္ပဏီတစ်ခုကို တစ်နှစ်အတွင်း ၁၀ စီးသာ တင်သွင်းခွင့်ပြုရာမှ လိုင်စင်တစ်စောင်ကို လုပ်ငန်းသုံးယာဉ် ယန္တရား၁၀စီးနှုန်းဖြင့် လုပ်ငန်းလိုအပ်ချက်အပေါ်မူတည်ပြီး ပြင်ဆင်ဖြေလျှော့ပေးခြင်း၊ ရန်ကုန်ပို့ကုန်သွင်းကုန်ရုံးတွင် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရာတွင်လည်း နေပြည်တော်နည်းတူ ပြင်ဆင်ဖြေလျှော့ခြင်းများဆောင်ရွက်ခြင်း၊ ပြည်ပသို့တင်ပို့ရန် ကန့်သတ်ထားသောပို့ကုန် ၁၂မျိုးအနက်မှ အချို့အမယ်များကိုဖြေလျှော့တင်ပို့ခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ Negative List နှင့် ထုတ်ပြန်ထားသောသွင်းကုန် H.S Code Line (၄၄၀၅)လိုင်းမှအချို့ကို ထပ်မံဖြေလျှော့ပေးခြင်း၊ National Trade Repository ကုန်သွယ်မှုအချက်အလက်များဘဏ္ဍာတိုက်ကို တရားဝင်လွှင့်တင်ပေးရန် စီမံဆောင်ရွက် ခြင်း ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားသည့်အခါအွန်လိုင်းစနစ်အပြည့်အဝသုံးစွဲအသုံးပြု နိုင်ရေးစီစဉ်ဆောင်ရွက်ပေးခြင်း၊ လိုင်စင်လျှောက်ထားရာတွင်လည်း နိုင်ငံတကာတွင် ဆောင်ရွက်နေသောနည်းလမ်းများအတိုင်း အင်တာနက်ရရှိသော မည်သည့်နေရာမှမဆို ရုံးကိုလာရောက်ရန်မလိုဘဲ ရယူနိုင်အောင်ဆောင်ရွက်ပေးခြင်း၊ ငွေပေးချေခြင်း၊ ထောက်ခံ ချက်စစ်ဆေးခြင်း၊ အချက်အလက်လုံခြုံမှု စသောစနစ်များကို ထည့်သွင်းဆောင်ရွက်ပေး ခြင်းစသည်တို့ကို ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားရန်စီစဉ်ထားပါသည်။ အွန်လိုင်း စနစ်နှင့်လျှောက်ထားနိုင်ခြင်းကြောင့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် မိမိကုမ္ပဏီရုံးခန်း မှာပင် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားနိုင်ခြင်း၊ ငွေကြေးကုန်ကျစရိတ်သက်သာလာ ခြင်းတို့ကြောင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုမြန်ဆန်သွက်လက်လာမည်ဖြစ်သည်။

၂၈။ မြန်မာနိုင်ငံ၏ Myanmar National Trade Repository ကို တရားဝင်လွှင့်တင် ပေးနိုင်ရန် စီမံဆောင်ရွက်နေပါသည်။ ထို့အပြင် အာဆီယံနိုင်ငံများနှင့်စုစည်း ချိတ်ဆက်ထားသော ATR (Asean Trade Repository) ကိုလည်း တစ်ပြိုင်တည်းချိတ်ဆက်နိုင်ရန် စီစဉ်ဆောင်ရွက်ပြီးဖြစ်သည်။

**ကမ္ဘာ့ငွေကြေးဖောင်းပွမှုခန့်မှန်းချက်**

**၂၀၁၀မှ ၂၀၂၀ထိ ကမ္ဘာ့ငွေကြေးဖောင်းပွမှုခန့်မှန်းချက်ပြဇယား**




*Source- Global Economy Statists* [၂၅]

၂၉။ ဖော်ပြပါပုံတွင် ယခင်ပြီးခဲ့သည့်နှစ်များဖြစ်သည့် ၂၀၁၀မှ နောက်လာမည့် ၂၀၂၀ ခုနှစ်ထိ ကမ္ဘာ့ငွေကြေးဖောင်းပွမှုနှုန်းကိုဖော်ပြထားခြင်းဖြစ်သည်။ ကမ္ဘာတဝှမ်းငွေကြေး ဖောင်းပွမှုနှုန်းပမာဏသည် ၂၀၁၅ ခုနှစ်တွင် ၂.၇၈%ရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်များတွင်သာမက နောင်လာမည့်နှစ်များထက်ပင် အနိမ့်ဆုံးငွေကြေးဖောင်းပွမှုပမာဏပင်ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာ့စီးပွားပျက်ကပ်ဆိုက်မှုကြောင့် ၂၀၁၀တွင် ငွေကြေးဖောင်းပွမှုမြင့်မားခဲ့ပြီး

---

[၂၅] http://www.statista.com/statistics/256598/global-inflation-rate-compared-to-previous-year/

၂၀၁၁ခုနှစ်သည် ၅.၀၅%ဖြင့် ဆယ်စုနှစ်တာကာလအတွင်း ငွေကြေးဖောင်းပွမှုအမြင့်ဆုံးဖြစ်ခဲ့သည်။

၃၀။ စီးပွားရေးလေ့လာကျွမ်းကျင်ပညာရှင်များ၏ခန့်မှန်းချက်တွင် ၂၀၂၀ တွင် မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၂၀ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ငွေကြေးဖောင်းပွမှုမှာ ၃.၁၇ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းထားချက်အရ မြန်မာနိုင်ငံ၏ငွေကြေးဖောင်းပွမှုမှာ ၀.၁၃ ရာခိုင်နှုန်းပိုနေပါသည်။ ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံသည် ငွေကြေးဖောင်းပွမှု၁၀.၈ရာခိုင်နှုန်းဖြင့်အမြင့်ဆုံးဖြစ်ခဲ့သော်လည်း ကမ္ဘာ့ငွေကြေးဖောင်းပွမှုနှုန်းသည် ၂.၇၈ရာခိုင်နှုန်းဖြင့်အနိမ့်ဆုံးဖြစ်ခဲ့သည်။

## မြန်မာနိုင်ငံနှင့် အဓိကကုန်သွယ်ဘက်နိုင်ငံများ

**အမေရိကန်ဒေါ်လာသန်းပေါင်း**

| နိုင်ငံများ | ၂၀၁၂-၂၀၁၃ | | ၂၀၁၃-၂၀၁၄ | | ၂၀၁၄-၂၀၁၅ | | ၂၀၁၅-၂၀၁၆ | |
|---|---|---|---|---|---|---|---|---|
| | ပို့ကုန် | သွင်းကုန် | ပို့ကုန် | သွင်းကုန် | ပို့ကုန် | သွင်းကုန် | ပို့ကုန် | သွင်းကုန် |
| ထိုင်း | ၄၀၀၀.၅၇၇ | ၆၉၆.၇၉၃ | ၄၃၀၄.၀၁၉ | ၁၃၆၂.၄၆၅ | ၄၀၃၁.၇၅၆ | ၁၆၇၉.၄၃၆ | ၂၈၉၃.၁၈၀ | ၁၉၇၂.၈၈၅ |
| မလေးရှား | ၉၇.၉၇၇ | ၃၆၀.၉၀၂ | ၁၀၈.၈၆၈ | ၈၃၉.၆၉၂ | ၂၄၆.၉၉၉ | ၇၄၃.၉၅၆ | ၁၆၁.၃၂၀ | ၅၈၈.၇၂၂ |
| စင်ကာပူ | ၂၉၁.၃၅၀ | ၂၅၃၅.၄၂၄ | ၆၉၄.၀၇၂ | ၂၉၁၀.၂၂၂ | ၇၅၈.၅၃၅ | ၄၁၃၇.၃၆၈ | ၇၂၅.၄၃၄ | ၂၉၇၀.၈၉၈ |
| အိန္ဒိယ | ၁၀၁၈.၆၉၂ | ၃၀၁.၇၀၄ | ၁၁၄၃.၃၈၆ | ၄၉၃.၅၃၃ | ၇၄၅.၈၀၄ | ၅၉၄.၇၇၆ | ၉၀၄.၁၆၂ | ၈၀၇.၃၅၅ |
| တရုတ် | ၂၂၃၈.၀၆၉ | ၂၇၁၉.၄၈၆ | ၂၉၁၃.၆၃၄ | ၄၁၁၉.၄၅၂ | ၄၉၆၂.၄၆၁ | ၅၀၁၉.၆၂၉ | ၄၅၉၆.၉၆၂ | ၆၃၉၅.၄၈၀ |
| ဂျပန် | ၅၀၆.၂၃ | ၁၀၆၄.၄၁ | ၅၁၃.၃ | ၁၂၉၆.၂ | ၅၅၆.၂ | ၁၇၄၉.၄ | ၂၃၆.၂ | ၉၈၀.၂ |
| အာဆီယံ | ၄၅၂၉.၇၇၂ | ၃၈၈၁.၆၅၂ | ၅၂၉၅.၂၇၁ | ၅၇၄၂.၈၇၆ | ၅၂၃၆.၁၆၇ | ၇၃၈၆.၆၅၃ | ၃၉၈၅.၃၉၉ | ၆၄၄၇.၁၃၁ |
| ဥရောပ သမဂ္ဂ | ၁၃၈.၇၁၇ | ၂၆၁.၃၁၈ | ၁၉၁.၄၁၈ | ၃၅၁.၂၃၁ | ၃၀၉.၈၇၈ | ၃၂၀.၈၃၀ | ၃၄၂.၁၈၁ | ၃၁၀.၇၈၉ |

Source: Customs;

၃၁။ မြန်မာနိုင်ငံသည် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ဂျပန်နိုင်ငံတို့နှင့် အများဆုံး ကုန်သွယ်မှုပြုလုပ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံမှသွင်းကုန်များကို အများဆုံးတင်သွင်းလျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် သွင်းကုန်များ၏ ၅၅ ရာခိုင်နှုန်းကျော်ကို တရုတ်နိုင်ငံမှအများဆုံး တင်ပို့ခဲ့ပါသည်။[၂၆]

## ၂၀၁၆ခုနှစ်၊ ဇွန်လကုန်ထိ မြန်မာနိုင်ငံ၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ

### ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှု

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုးအစားများ | ရင်းနှီးမြှုပ်နှံမှုများ | | |
|---|---|---|---|---|
| | | အရေအတွက် | တန်ဖိုးပမာဏ | ရာခိုင်နှုန်း% |
| ၁ | ရေနံနှင့်သဘာဝဓာတ်ငွေ့ | ၉၆ | ၂၁၄၈၆.၉၅၁ | ၄၀.၂၈ |
| ၂ | စွမ်းအင် | ၉ | ၁၃၆၅၄.၆၄၂ | ၂၅.၆၀ |
| ၃ | ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၅၄၄ | ၅၂၇၁.၃၃၅ | ၉.၈၈ |
| ၄ | ပို့ဆောင်ဆက်သွယ်ရေး | ၂၄ | ၄၉၀၉.၁၀၇ | ၉.၂၀ |
| ၅ | တွင်းထွက်ပစ္စည်း | ၁၁ | ၂၃၆၇.၉၅၈ | ၄.၄၄ |
| ၆ | အိမ်ခြံမြေလုပ်ငန်း | ၂၄ | ၂၂၂၄.၉၉၈ | ၄.၁၇ |
| ၇ | ဟိုတယ်နှင့်ခရီးသွား | ၄၇ | ၂၁၈၆.၀၂၉ | ၄.၁၀ |
| ၈ | စိုက်ပျိုးရေး | ၁၆ | ၂၂၁.၁၈၅ | ၀.၄၁ |
| ၉ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၁၈ | ၂၀၁.၆၇၃ | ၀.၃၈ |
| ၁၀ | စက်မှုလုပ်ငန်းများ | ၃ | ၁၈၉.၁၁၃ | ၀.၃၅ |
| ၁၁ | အခြား | ၄၅ | ၆၃၅.၂၂၄ | ၁.၁၉ |

[၂၆] http://www.commerce.gov.mm/my/content/ပို့ကုန်-နယ်စပ်-နိုင်ငံအလိုက်

[၂၇] http://www.dica.gov.mm/sites/dica.gov.mm/files/document-files/၂၀၁၆_june_fdi_by_sector.pdf

| | | | | |
|---|---|---|---|---|
| | စုစုပေါင်း | ၈၃၇ | ၅၃၃၄၈.၂၃၅ | ၁၀၀.၀၀ |

Source: Directorate of Investment and Adminstration[၂၇]

## ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်း




၃၂။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအနက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှာ ရာခိုင်နှုန်းအားဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်သည်။ စွမ်းအင်ကဏ္ဍသည် ဒုတိယ အများဆုံးဖြစ်ပြီး ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုထုတ်ကုန်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုမှာ တတိယအများဆုံးအဖြစ်ရပ်တည်ခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးနေသည်ကိုတွေ့ရှိရပါသည်။[၂၈]

---

[၂၈] http://www.dica.gov.mm/sites/dica.gov.mm/files/document-files/၂၀၁၆_june_fdi_by_sector.pdf